# SMILE UP MDF Sealer (PU 2K)

## ဂုဏ်သတ္တိများ

MDF အမျိုးအစား ကြိတ်သား အတွက် POLYURETHANE (PU 2K) နည်းပညာကို အထူးအခြေခံထားသော သစ်အောက်ခံဆေး အမျိုးအစား ဖြစ်ပါသည်။ ခြောက်သွေ့ချိန် မြန်ဆန်၍ SANDING POWER ကောင်းမွန်မှုကြောင့် ကော်ပတ်စားရ လွယ်ကူပေါ့ပါးသည်။ သစ်များတွင်ရှိသော အနာအဆာများရှိပါက WOOD PUTTY ဖြည့်ပြီး SMILE UP MDF SEALER အားအသုံးပြုမည်ဆိုပါက သစ်သားမျက်နှာပြင်ရှိ အပြစ်အနာ အဆာများ ပျောက်ပြီး ချောမွတ်သော သစ်ချောသား များကိုရရှိနိုင်ပါသည်။ Smile Up MDF Sealer သည် MDF ကြိတ်သား၏ မျက်နှာပြင်အတွင်းသို့စိမ့်ဝင်သွား၍ မျက်နှာပြင်အား ဆေးသားဖြင့် ဖြည့်တင်းပေးလိုက်ခြင်းကြောင့် ၎င်း Sealer အသုံးပြုပြီး မည်သည့် အမျိုးအစား သစ်သား Lacquer သော် ၎င်း ၊ Industrial Lacquer သော်၎င်း ၊ Enamel (ဆီဆေး) သော်၎င်း အသုံးပြုခဲ့ပါက ယခင်လောက် ဆေးပမာဏကုန်ကျခြင်းမရှိပဲ ပြီးပြည့်စုံသော ရုပ်ထွက်မျိုးကို ရရှိမည်ဖြစ်သည်။

## အသုံးပြုရန်အညွှန်း

အသုံးမပြုမှီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ ဆေးသုတ်မည်မျက်နှာပြင်အား ကော်ပတ် No.180-240 ကော်ပတ်စား၍ သန့်ရှင်းမှု ပြုလုပ်ပြီး SEALER ကို SPRAY (မှုတ်ဆေး) အဖြင့်သာ သုံးနိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး SEALER (**A** Liquid) : HARDENER (**B** Liquid) : THINNER # 200
  4 : 1 : 30~50%
- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 g/$m^2$
- ပုံမှန် ခြောက်သွေ့ရန်ကြာချိန်မှာ ( ၅ မိနစ် မှ ၂၀ မိနစ် ) အတွင်းဖြစ်ပြီး (၂၄) နာရီ နှင့် အထက် စောင့် ၍ ကော်ပတ်နံပါတ် (320-400) တို့ဖြင့် ကော်ပတ်တိုက်ပြီးမှသာ MDF Sealer 2nd Coat အား သုတ်သင့် ပါ သည် ။ ( ခြောက်သွေ့ချိန်သည် ရာသီဥတု အမျိုးအစား ပေါ်တွင်လည်း မူတည် ပါသည်။)
- ဆေးဖျော်စပ်ပေးပြီးသား ဆေးများကို (၂) နာရီ မှ (၂) နာရီခွဲ အတွင်းသုံးစွဲရပါမည်။

## သတိပြုရန်အချက်များ

- ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နှံ့စပ်အောင်မွှေပြီးမှသာ အသုံးပြုရ ပါမည်။
- ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့ မှုမရှိ အောင် ထားရပါမည်။
- အသုံးပြုပြီးသော ဆေးဘူးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေနှင့်အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများခမ်းခြောက်၍ ဆေး၏ အာနိသင် ပျက်ပြယ်သွား နိုင်ပါသည်။